သတင်းထုတ်ပြန်ချက်

FORTIFY RIGHTS

# နိုင်ငံတကာ ရာဇဝတ်ခုံရုံးအနေဖြင့် ရက္ခိုင့်တပ်တော်မှ စစ်သုံ့ပန်းများကို ကွပ်မျက်ခြင်းများအပေါ် စုံစမ်းစစ်ဆေးရန်

## ပေါက်ကြားခဲ့သည့် ဗီဒီယိုတွင် မြန်မာစစ်ကောင်စီ စစ်သားများအား ညှဉ်းပန်းနှိပ်စက်ခြင်း၊ တရားလက်လွတ် ကွပ်မျက်ခြင်းများကို ပြသထားသည်။

(ဘန်ကောက်မြို့၊ ဇန်နဝါရီ လ ၂၃ ရက်နေ့၊ ၂၀၂၅ ခုနှစ်) - နိုင်ငံတကာ ရာဇဝတ်ခုံရုံး (ICC) သည် ရခိုင်ပြည်နယ်အတွင်းရှိ ရက္ခိုင့်တပ်တော်မှ ကျူးလွန်ခဲ့သော စစ်ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးသင့်သည်ဟု Fortify Rights မှ ယနေ့ ပြောကြားခဲ့သည်။ ထပ်မံပေါက်ကြားလာသည့် ဗီဒီယိုဖိုင်တွင် ရက္ခိုင့်တပ်တော် (AA) မှ စစ်သားများနှင့် အရပ်ဝတ်များသည် ဖမ်းဆီးခံထားရသူနှစ်ဦး၏ လည်ချောင်းကို မြေကျင်းတစ်ခုရှေ့တွင် လှီးဖြတ်ခြင်း၊ ခုတ်ထစ်ခြင်းပြုလုပ်ခဲ့သည်ကို မြင်တွေ့ရသည်။

“အရပ်သားတွေ သို့မဟုတ် ဖမ်းဆီးထားသော ရန်သူ့တပ်သားတွေကို ညှဉ်းပန်းနှိပ်စက်ပြီး တရားလက်လွတ်ကွပ်မျက်တာ စစ်ရာဇဝတ်မှုမြောက်ပါတယ်” ဟု Fortify Rights မှ လူ့အခွင့်အရေးဆိုင်ရာ စုံစမ်းစစ်ဆေးရေးတာဝန်ခံ Ejaz Min Khant (ဧဂျက်ဇ်မင်းခန့်) က ပြောကြားခဲ့သည်။ “ဖမ်းဆီးရမိသော ရန်သူ့တပ်သားများ ကို စစ်သုံ့ပန်းများအဖြစ် ဂုဏ်သိက္ခာရှိရှိ ဆက်ဆံသင့်ပြီး ဂျီနီဗာကွန်ဗင်းရှင်းရဲ့ ကာကွယ်စောင့်ရှောက်မှု တွေပေးကာ စစ်ရာဇဝတ်မှုတွေ ကျူးလွန်ထားတဲ့ တာဝန်ရှိသူများကို တရားစွဲဆိုသင့်ပါတယ်။”

Fortify Rights သည် ကွပ်မျက်ခြင်းများ ဖြစ်ပွားခဲ့နိုင်ခြေရှိနေသည့် ပေါက်ကြားထားသော ဗီဒီယို မှတ်တမ်းနှစ်ခုအား စိစစ်လေ့လာရာ ၎င်းတို့သည် စစ်မှန်မှုရှိနေကြောင်း ယုံကြည်ပါသည်။ ညှဉ်းပန်း

နှိပ်စက်ခံရသူနှစ်ဦးသည် ဗီဒီယိုအဆုံးတွင် သေဆုံးပုံမပေါ်သော်လည်း အခြေအနေအရ သို့မဟုတ် ၎င်းတို့၏ ဒဏ်ရာများအရ အသက်ရှင်နိုင်ဖွယ်မရှိပေ။ Fortify Rights သည် အခင်းဖြစ်ပွားသည့် နေရာ အတိအကျကို အတည်ပြုနိုင်ခြင်း မရှိခဲ့ပေ။

နှစ်မိနစ်နှင့် ၅၂ စက္ကန့်ကြာသည့် ပထမဗီဒီယိုသည် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်နေ့၌ အွန်လိုင်းပေါ်တွင် မြင်တွေ့ခဲ့ရသည်။ မတူညီသောကင်မရာမှ ရိုက်ကူးထားသည့် အလားတူဖြစ်ရပ်၏ ဒုတိယဗီဒီယိုသည် သုံးမိနစ်နှင့် စက္ကန့် ၂၀ ကြာမြင့်ပြီး Fortify Rights သို့ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့တွင် ပေးပို့ခဲ့သည်။

ဗီဒီယိုအရှည်တွင် အမျိုးသားရှစ်ဦးအနက် တစ်ဦးသည် စစ်ဝတ်စုံအပြည့်ဝတ်ထား၍ သုံးဦးမှာ စစ်ဝတ်စုံ တချို့ဝတ်ဆင်ထားပြီး မြေကြီးပေါ် ရှိ သုံ့ပန်းနှစ်ဦးအနားတွင် ရပ်ကြည့်နေကာ သုံ့ပန်းတို့ထဲမှ တစ်ဦးမှာ အတွင်းခံဘောင်းဘီအား ချွတ်ခံထားရသည်ကို စတင်ပြသထားသည်။ မတ်တပ်ရပ်နေကြသော အမျိုးသားအများအပြားသည် အရပ်သားဝတ်စုံများ ဝတ်ဆင်ထားပြီး ဓားရှည်များအပါအဝင် စစ်ဘက်ဆိုင်ရာလက်နက်များကို ကိုင်ဆောင်ထားသည်။ ပြစ်မှုကျူးလွန်သူထဲမှ အနည်းဆုံးတစ်ဦးသည် AA ယူနီဖောင်းများ ဝတ်ဆင်ထားပြီး ဗွီဒီယိုထဲတွင် ကြားရသည့်စကားသံများမှာ ရခိုင်ဘာသာစကား ပြောဆိုနေသည်ကို မြင်တွေ့ရသည်။ ပြစ်မှုကျူးလွန်သူနှစ်ဦးသည် ညှင်းပန်းနှိပ်စက်ခံရသူ၏ အဝတ်အစားများကို ဖြတ်တောက်ရန် ကြိုးပမ်းနေချိန်တွင် အခြားသူများမှာ မြေပြင်ပေါ်တွင် လဲကျလျက် ကိုယ်ပေါ်တွင် အဝတ်တစ်ပိုင်းတစ်စသာရှိတော့သည့် ခိုကိုးရာမဲ့ဖြစ်နေသော ညှင်းပန်းနှိပ်စက်ခံရသူ၏ ဦးခေါင်း၊ မျက်နှာနှင့် ကျောကုန်းတို့ကို အနည်းဆုံး ၁၂ ချက်ခန့် ကန်ကျောက်ခဲ့ကြသည်။

ပိုရှည်သည့် ဗီဒီယိုတွင် "တပ်မှူး လာနေပြီလား" ဟု ပြစ်မှုကျူးလွန်သူတစ်ဦးမှ မေးနေသည်ကို ကြားရသည်။ အခြားတစ်ယောက်မှ "သူလာတော့ရော ဘာဖြစ်လဲ … ဘာမှမဖြစ်ဘူး။ သူ [တပ်မှူး] က

FORTIFY RIGHTS

ဒီလူတွေကို ဒီလိုလုပ်ဖို့ ငါတို့ကို ပေးထားတာ” လို့ ပြန်ဖြေထားသည်။ ၎င်းပြောစကားတွင် AA တပ်မှူးတစ်ဦးမှ သုံ့ပန်းနှစ်ဦးအား သတ်ပစ်ရန်အမိန့်ပေးထားနိုင်ကြောင်း တွေ့ရှိရပြီး၊ ကွပ်ကဲမှုဆိုင်ရာ တာဝန်ယူမှုကို မေးခွန်းထုတ်ဖွယ်ရာတွေ ရှိနေသည်။

ပြစ်မှုကျူးလွန်သူများသည် ညှင်းပန်းနှိပ်စက်ခံရသူနှစ်ဦး၏ နောက်ကျောကို ပြင်းထန်စွာ ကန်ကျောက်နေစဉ် စစ်ယူနီဖောင်း အပြည့်အစုံ ဝတ်ဆင်ထားပြီး ပါးစပ်ထဲတွင် ဆေးလိပ်ခဲထားသောသူက ကင်မရာရှေ့ရှိ မြေကျင်းသို့ မျက်နှာမူ ဒူးထောက်ခိုင်းခဲ့သည်။ ဗီဒီယိုထဲမှာ တွေ့ရသူ တစ်ယောက်က “ဟော့ လှီးတော့။ သူတို့ကို မြေကျင်းနားကိုရွှေ့” ဟုပြောသည်။ ထို့နောက် ပြစ်မှုကျူးလွန်သူ နှစ်ဦးသည် သေဆုံးသူများ၏ လည်ပင်းကို လှီးဖြတ်ပြီး တစ်ဦးချင်းစီကို မြေကျင်းထဲသို့ ကန်ချခဲ့သည်။ အခြားသူများမှာလည်း ၎င်းညှင်းပန်းနှိပ်စက်ခံရသူနှစ်ဦးအား ဓားနဲ့ထိုးခြင်း၊ ခုတ်ခြင်း၊ ကန်ကျောက်ခြင်းတွေကို ပါဝင်ကျူးလွန်ခဲ့ကြသည်။ ယင်းဗီဒီယိုများထဲတွင် အသတ်ခံရသူနှစ်ဦး နှင့် ဗီဒီယိုရိုက်ကူးနေသူနှစ်ဦး အပြင် ကျူးလွန်သူ ဆယ်ဦးထက်မနည်းပါဝင်ပါသည်။

မှတ်တမ်းဖိုင်တစ်ခုလုံးတွင် ၎င်းဖမ်းဆီးထားသူများမှ ဖမ်းဆီးခံထားရသူနှစ်ဦးအား ရခိုင်လူမျိုးတွေကို သတ်ဖြတ်ရတာ ဘယ်လိုခံစားရလဲဟု မေးမြန်းပြီး ခနဲ့နေသည်ကို ကြားရသည်။ အခင်းဖြစ်ပွားခြင်းကို ရိုက်ကူးနေသည့် လူတစ်ဦးမှ ၎င်းလက်နက်ကိုင်များအား “သူတို့ နှစ်ယောက်လုံးကို တစ်ပြိုင်နက် မသတ်နဲ့၊ တစ်ယောက်ပြီးမှ တစ်ယောက် လည်လှီးပြီး သတ်ပစ် … ဟုတ်ပြီ..ဟုတ်ပြီ အဲ့ဒီအတိုင်း ဆက်လုပ်” ဟု ညွှန်ကြားခဲ့သည်။

“ပြစ်မှုကျူးလွန်သူတွေဟာ စစ်ရာဇဝတ်မှုကို ပေါ့ပေါ့ပါးပါးကျူးလွန်နေသမျှ မှတ်တမ်းတင်ရိုက်ကူးထားတာ ကို သူတို့ကိုယ်တိုင်ကိုက လက်ခံနေတာ တွေ့နေရပါတယ်” ဟု Ejaz Min Khant (ဧဂျက်ဇ်မင်းခန့်) က ဆိုသည်။ “ဒါက ရက္ခိုင့်တပ်တော်ရဲ့ တပ်ဖွဲ့ဝင်များအတွင်း နက်နဲ၊

FORTIFY RIGHTS

အကျည်းတန်ပြီး ပြစ်ဒဏ်ပေး ခံရခြင်းမှ ကင်းလွတ်နေတဲ့ အစဉ်အလာတစ်ခု ဖြစ်ပွားလာနေတာကို ပြသနေတယ်" ဟု ဆက်ပြောသည်။

အမျိုးသားတစ်ဦးမှာ လုံချည် (အမျိုးသား၊ အမျိုးသမီးတို့ဝတ်ဆင်သည့် မြန်မာ့ရိုးရာအဝတ်အထည်) ကို ဝတ်ဆင်ထားကာ "မအေလိုးတွေ မတ်တပ်မရပ်တတ်ဘူးလား မတ်တပ်မရပ်တတ်ဘူးလား မတ်တပ် ရပ်စမ်း အဘိုးကြီး" ပြောနေသည်ကို ဗီဒီယိုအစတွင် ကြားရသည်။ ထို့နောက် အဖြစ်အပျက်ကို မှတ်တမ်းတင်နေသူမှ "မင်းတို့ရဲ့အသံက ငါတို့ ရခိုင်တွေကို သတ်တုန်းကဒီလိုအသံ မဟုတ်ဘူး" ပြောသည်ကို ကြားလိုက်ရသည်။ ဗီဒီယိုနောက်ပိုင်း တွင် တစ်ယောက်ယောက်က "ဟိုက ကင်မရာကိုကြည့်စမ်း၊ ထိုင်စမ်း၊ ထိုင်နေ၊ တွင်းထဲဆင်း၊ ဒီမှာထိုင်စမ်း၊ သူတို့တွေကို သတ်ချင်တဲ့ ဘယ်သူမဆို သတ်" ဟု ပြောနေသည်။

ဗွီဒီယိုများထဲတွင် အပြန်အလှန်စကားပြောဆိုမှုများအရ အသတ်ခံရသူနှစ်ဦးမှာ မြန်မာစစ်ကောင်စီ တပ်ဖွဲ့ဝင် စစ်သားများ ဖြစ်နိုင်ခြေရှိသည်။ မည်သို့ပင်ဆိုစေကာမူ Fortify Rights သည် သူတို့ မည်သူမည်ဝါဖြစ်ကြောင်း သို့မဟုတ် ၎င်းတို့၏ ဆက်နွယ်မှုများကို အတိအကျဖော်ထုတ်နိုင်ခြင်း မရှိပေ။

ရက္ခိုင့်တပ်တော်သည် စစ်ရာဇဝတ်မှုများအတွက် တရားမျှတမှုရှိစေရန် ဆောင်ရွက်မည်ဟု လူသိရှင်ကြား ကတိပြုထားသည်။ ဥပမာအားဖြင့် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက်နေ့တွင် AA ၏ ပြောရေးဆိုခွင့်ရှိသူ ဦးခိုင်သုခက "စစ်ရာဇဝတ်မှုကျူးလွန်ခံရသူများအတွက် တရားမျှတမှုရရှိရေးအတွက် ပြတ်ပြတ်သားသား အရေးယူဆောင်ရွက်သွားပါမည်။" ဟုပြောကြားခဲ့သည်။ မကြာသေးမီက ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၂၃ ရက် တွင်လည်း AA ၏ ပြောရေးဆိုခွင့်ရှိသူ ဦးခိုင်သုခက AA သည် "ဖမ်းမိထားသော မြန်မာစစ်ကောင်စီ စစ်တပ်မှအရာရှိများက ကျူးလွန်နိုင်ချေရှိသော စစ်ရာဇဝတ်မှုများအား စနစ်တကျ စေ့စေ့စပ်စပ် စုံစမ်း

စစ်ဆေးသွားမည်” ဟု ပြောကြားခဲ့ပြီး AA အနေဖြင့် တရားဥပဒေဆိုင်ရာအခွင့်အရေးများနှင့် သင့်လျော်သော ပြစ်ဒဏ်များပေးပြီး အရေးယူ ဆောင်ရွက်မည်ဟု ကတိပြုထားကြောင်း သိရသည်။

ရက္ခိုင့်တပ်တော်နှင့် မြန်မာစစ်ကောင်စီတို့ ကျူးလွန်ခဲ့သော ရက်စက်ကြမ်းကြုတ်စွာ ကွပ်မျက်ခြင်းသည် စစ်ရာဇဝတ်မှုကျူးလွန်မှု ပုံစံများ၏ တစ်စိတ်တစ်ပိုင်းပင်ဖြစ်ကြောင်း Fortify Rights က ယနေ့ ပြောကြားခဲ့သည်။ အနာဂတ်တွင် တရားစွဲဆိုနိုင်ရန် မြန်မာနိုင်ငံတွင် ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများ၏ သက်သေအထောက်အထားများကို မူလအတိုင်းစနစ်တကျ ထိန်းသိမ်းထားရန်၊ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ (UNHRC) မှ ၂၀၁၈ ခုနှစ်တွင် ဖွဲ့စည်းထားသော မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးယန္တရား (IIMM) အပါအဝင် နိုင်ငံတကာ တရားမျှတမှု ယန္တရားများနှင့် ပူးပေါင်းဆောင်ရွက်ရန် Fortify Rights မှ AA နှင့် မြန်မာနိုင်ငံရှိ လက်နက်ကိုင် ပဋိပက္ခတွင် ပါဝင်သော အဖွဲ့အစည်းအင်အားစုများအားလုံးကို တောင်းဆိုထားသည်။

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင် အသေအပျောက်များသော အာဏာသိမ်းမှု စတင်ပြီးနောက် မြန်မာစစ်ကောင်စီသည် နိုင်ငံတစ်ဝှမ်းရှိ အရပ်သားများအပေါ် ကျယ်ကျယ်ပြန့်ပြန့် စနစ်တကျ တိုက်ခိုက်မှုများ ကျူးလွန်ခဲ့သည်။ AA ကဲ့သို့သော တော်လှန်ရေး တပ်ဖွဲ့များသည်လည်း ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများကို ကျူးလွန်ခဲ့သည်။ ဥပမာအားဖြင့် ၂၀၂၄ ခုနှစ်၊ သြဂုတ်လ ၅ ရက်နေ့တွင် AA တပ်ဖွဲ့သည် မြန်မာနိုင်ငံနှင့် အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ပိုင်းခြားထားသည့် နတ်မြစ်ကို ဖြတ်ကူးရန် ကြိုးပမ်းစဉ် ရိုဟင်ဂျာ အရပ်သားများကို အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့သည်။ Fortify Rights ၏ စုံစမ်းစစ်ဆေးမှုအရ AA ၏ ဒရုန်းများ၊ အမြောက်များနှင့် သေနတ်ပစ်ခတ်မှုကြောင့် ရိုဟင်ဂျာ အမျိုးသား၊ အမျိုးသမီးနှင့် ကလေးငယ် တစ်ရာကျော် သေဆုံးခဲ့ကြောင်း သိရသည်။ AA သည် အဆိုပါ သတ်ဖြတ်မှုအတွက် တာဝန်ယူရန် လူသိရှင်ကြား ငြင်းဆိုထားသည်။

FORTIFY RIGHTS

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလတွင် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် Tom Andrews က “ရခိုင်ပြည်နယ် မြောက်ပိုင်းမှာ ရက္ခိုင့်တပ်တော်မှ တပ်ဖွဲ့ဝင်များက ဆိုးရွားတဲ့ လူ့အခွင့်အရေး ချိုးဖောက်မှုတွေ ကျူးလွန်တယ် ဆိုတဲ့ စွပ်စွဲချက်တွေကြောင့် စိုးရိမ်မိတယ်” လို့ အထွေထွေ ညီလာခံတွင် တင်ပြခဲ့ပါသည်။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ICC အစိုးရရှေ့နေချုပ်က မြန်မာစစ်ကောင်စီ၏ ရာထူးအမြင့်ဆုံးသော အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ၂၀၁၇ ခုနှစ်အတွင်း မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရိုဟင်ဂျာများအား အတင်းအကျပ် နှင်ထုတ်ခဲ့မှုတွင် ပါဝင် ပတ်သက်မှုနှင့် ပတ်သက်၍ ဖမ်းဝရမ်းထုတ်ထားကြောင်းကို “ဤသည်မှာ ကျွန်ုပ်၏ ရုံးက တင်သွင်းသည့် မြန်မာစစ်ကောင်စီ၏ ရာထူးအမြင့်ဆုံး အရာရှိကို ဖမ်းဝရမ်းထုတ်တဲ့ ပထမဆုံးလျှောက်ထားခြင်း ဖြစ်သည်။ ထပ်မံ၍ မလွတ်တမ်းစောင့်ကြည့်သွားမည်” ဟူသော မှတ်ချက်နှင့်တကွ ကြေညာခဲ့သည်။

ICC သည် မြန်မာနိုင်ငံမှ ရိုဟင်ဂျာများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အတင်းအကျပ်နှင်ထုတ်ခြင်းအပေါ် တရားစီရင်ပိုင်ခွင့်အာဏာရှိသည်ဟု ၂၀၁၉ ခုနှစ်တွင် ဆုံးဖြတ်ခဲ့ပြီး ယင်းမှာ ရောမစာချုပ်တွင် ပါဝင်သည့် နိုင်ငံတစ်နိုင်ငံအနေဖြင့် အတင်းအကျပ်နှင်ထုတ်ခြင်းသည် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုဖြစ်သည်။ မြန်မာနိုင်ငံတွင် ပြစ်ဒဏ်ပေးခံရခြင်းများမှ ကင်းလွတ်နေခြင်းမှာ အဆုံးသတ်ရန် အရေးကြီးသော ကိစ္စရပ်တစ်ခုဖြစ်သော်လည်း နိုင်ငံအတွင်း ရာဇဝတ်မှုများနှင့်ပတ်သက်၍ တရားရုံး၏ လက်ရှိတရားစီရင်ပိုင်ခွင့်မှာ အကန့်အသတ်ရှိနေပြီး နိုင်ငံတစ်ဝှမ်းတွင် ဖြစ်ပွားနေသည့် ရက်စက် ကြမ်းကြုတ်မှုများသည် အကျုံးဝင်ခြင်းမရှိပေ။

သို့သော်လည်း Fortify Rights က ICC အဖွဲ့ဝင်နိုင်ငံများသည် ရောမဥပဒေပါ ပုဒ်မ ၁၄ အရ မြန်မာနိုင်ငံရှိ အခြေအနေများကို အစိုးရရှေ့နေချုပ်ထံ ချက်ချင်းလွှဲပြောင်းပေးသင့်သည်ဟု ဆိုသည်။

၂၀၂၁ ခုနှစ်၊ ဩဂုတ်လတွင် မြန်မာနိုင်ငံ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) သည် တရားရုံးဥပဒေ သို့မဟုတ် ရောမစာချုပ် ပုဒ်မ ၁၂(၃) အရ တရားရုံး၏ တရားစီရင်ပိုင်ခွင့်ကို ပေးအပ်ကြောင်း ICC သို့ တရားဝင်ကြေညာချက်အား တင်သွင်းခဲ့သည်။ ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ICC သည် NUG ၏ ကြေညာချက်ကို တရားဝင်လက်ခံရရှိကြောင်း အသိအမှတ်ပြုခဲ့သည်။ ရောမစာချုပ်၏ အပိုဒ် ၁၄ သည် ICC အဖွဲ့ဝင်နိုင်ငံများအား တရားရုံး၏ တရားစီရင်ပိုင်ခွင့်အောက်တွင် ရာဇဝတ်မှုများကို ICC အစိုးရရှေ့နေချုပ်ထံ တိုက်ရိုက် လွှဲပြောင်းပိုင်ခွင့်ပေးထားပြီး NUG မှ ပေးအပ်သော တရားစီရင်ပိုင်ခွင့် ရောမစာချုပ် ပုဒ်မ ၁၂(၃) ကြေညာချက်သည် ထိုပြဋ္ဌာန်းချက်ကို ဖြည့်စွက်ပေးသည်။

ICC သည် NUG မှ ပေးအပ်ထားပြီးသော အခွင့်အာဏာများကို အသုံးပြု၍ AA စစ်ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးသင့်သည်ဟု Fortify Rights မှ ယနေ့ ပြောကြားခဲ့သည်။ ယင်းကို ပျက်ကွက်ပါက ICC အဖွဲ့ဝင်နိုင်ငံများသည် အဆိုပါ ပြစ်မှုများကို ရောမစာချုပ်၏ အပိုဒ် ၁၄ အရ အစိုးရရှေ့နေချုပ်ထံ တိုက်ရိုက်လွှဲပြောင်းပေးသင့်သည်။

အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေ သို့မဟုတ် စစ်ဥပဒေများဟုလည်း လူသိများ သော ဥပဒေသည် စစ်သုံ့ပန်းများအား ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် တရားလက်လွတ်ကွပ်မျက်ခြင်းမှ ကာကွယ်ပေးသည်။ နိုင်ငံတကာမဟုတ်သော လက်နက်ကိုင်ပဋိပက္ခအခြေအနေများ၊ ထို့နည်းတူစွာ အစိုးရအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သည့် အင်အားစုများနှင့်လည်း သက်ဆိုင်နေသည့် ၁၉၄၉ ဂျီနီဗာသဘောတူညီချက်လေးခု၏ ဘုံအပိုဒ် ၃ သည် "လက်နက်ချထားသော လက်နက်ကိုင်တပ်ဖွဲ့ဝင် များ" နှင့် ထိခိုက်ဒဏ်ရာရမှု၊ ချုပ်နှောင်မှု သို့မဟုတ် အခြားအကြောင်းကြောင့် ရန်လိုတိုက်ခိုက်ရန် တက်ကြွမှုမရှိတော့သူများကို ကာကွယ်ပေးသည်။ ICC

၏ ရောမစာချုပ်ပါ အပိုဒ် ၈(၂)(ဂ)(၉) သည် နိုင်ငံတကာမဟုတ်သော လက်နက်ကိုင်ပဋိပက္ခများအတွင်း တရားလက်လွတ်ကွပ်မျက်ခြင်းကို စစ်ရာဇဝတ်မှုအဖြစ် အတိအလင်း တားမြစ်ထားသည်။

နိုင်ငံတကာဥပဒေတွင်လည်း ညှဉ်းပန်းနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်းနှင့် ကိုယ်လက်အင်္ဂါ ဖြတ်တောက်ခြင်းတို့ကို တားမြစ်ထားသည်။ သဘောတူညီချက်စာချုပ်ပါ ဘုံအပုဒ် ၃ ကို ချိုးဖောက်ခြင်းသည် စစ်ရာဇဝတ်မှု မြောက်ပြီး ယင်းရာဇဝတ်မှုများအတွက် တာဝန်ရှိသူများအနေဖြင့် နိုင်ငံတကာဥပဒေအရ တာဝန်ယူ တာဝန်ခံသင့်သည်။

"ဒီလို ရက်စက်ကြမ်းကြုတ်တဲ့ ရာဇဝတ်မှုမျိုးတွေဟာ ပြစ်ဒဏ်ခံရခြင်းမရှိနေသရွေ့တော့ ဆက်ရှိနေဦးမှာပါ" ဟု Ejaz Min Khant (ဧဂျက်ဇ်မင်းခန့်) က ဆိုသည်။ "ICC အဖွဲ့ဝင်နိုင်ငံတွေအနေနဲ့ ဖြစ်ပွားနေတဲ့ အခြေအနေတွေကို ချက်ချင်း တရားရုံးသို့ လွှဲပြောင်းပေးသင့်ပြီး၊ ထိုကဲ့သို့လုပ်ဆောင်ခြင်းအားဖြင့် ရက်စက်ကြမ်းကြုတ်တဲ့ရာဇဝတ်မှုတွေ ကျူးလွန်ပါက နိုင်ငံတကာဥပဒေအရ တရားစွဲဆိုပြစ်ဒဏ်ချမှတ်ခံရနိုင်မယ် ဆိုတာကို လက်နက်ကိုင်ပဋိပက္ခတွင်ပါဝင်နေတဲ့ အင်အားစုတွေကို အသိပေးသင့်ပါတယ်။"

**ပိုမိုသိရှိလိုပါက ဆက်သွယ်ရန် -**


**Ejaz Min Khant**
လူ့အခွင့်အရေးဆိုင်ရာစုံစမ်းစစ်ဆေးရေးတာဝန်ခံ, Fortify Rights
ဘာသာစကားများ - အင်္ဂလိပ်၊ မြန်မာ
+1 323 7040 220 (Signal, WhatsApp)
**အီးမေးလ်**: ejaz.minkhant@fortifyrights.org
**X** - @ejaz_minkhant, @FortifyRights

**John Quinley III**

Director, Fortify Rights

ဘာသာစကားများ - အင်္ဂလိပ်

+66 62 814 1130 (Signal, Whatsapp)

**အီးမေးလ်** - john.quinley@fortifyrights.org

**X** - @john_hq3, @FortifyRights

**Matthew Smith**

အမှုဆောင်အရာရှိချုပ်**,** Fortify Rights

ဘာသာစကားများ - အင်္ဂလိပ်

+66 85 028 0044 (Signal; WhatsApp)

+1 202 503 8032 (U.S.)

**အီးမေးလ်** - matthew.smith@fortifyrights.org

**X -** @MatthewFSmith, @FortifyRights